တောဖို့ကျေးရွာအုပ်စု

လီလင်းကျေးရွာ၊ဂန့်ဂေါမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

(၂၀၂၁-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လီလင်းကျေးရွာ၊ဂန့်ဂေါမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ မေလ

မာတိကာ

မာတိကာ

ကျေးဇူးတင်လွှာ

စကားချီး

လီလင်းကျေးရွာသယံဇာတပြမြေပုံ၊ဂန့်ဂေါမြို့နယ်

လီလင်းကျေးရွာ ရာသီခွင်ပြဇယား

လီလင်းကျေးရွာတွင်းနှင့် ပြင်ပအဖွဲ့အစည်းများရှိမှု

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီ အနေအထားနှင့် လွှမ်းခြုံသက်ရောက်မှု

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) ကျန်းမာရေးနှင့် အဟာရ

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(ဃ) ကျား–မ ရေးရာဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု–လမ်းတံတား၊လျှပ်စစ်မှိန်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသောအခြေအနေကောင်းများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၈–၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ခ) ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

(ဃ) လမ်းပန်းဆက်သွယ်ရေး

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

(ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်းနောက်ဆက်တွဲ

အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္ထုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်

ဇယား ၁၀ ထိခိုက်သက်ရောက်နိုင်မှု ခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်အဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် ရေသွင်းဧရိယာ

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာ ပိုင်ဆိုင်မှု

(၅) သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

(၆) သီးနှံထုတ်လုပ်မှု ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် ပြဿနာနှင့်
အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်း သွားလာမှုဖြစ်ပေါ်လာပုံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်
အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အပံ့အကူအညီများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

ကိုးကားစာရင်း

ကျေးဇူးတင်လွှာ

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ထိ ၅ နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ရှေးဦးစွာ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာကော်မတီများ၊ သက်ဆိုင်ရာဝန်ထမ်းများ၊ရပ်မိရပ်ဖများ၊ ပါဝင်ဆောင်ရွက်ပေးကြသော ကျေးရွာသူ/ကျေးရွာသားများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

စကားချီး

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း အားလုံးပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ အချင်းချင် တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် လိုအပ်ချက်နှင့် အခက်အခဲများ တွေ့ရှိခဲ့ရပါသည်။ သို့သော်လည်း ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် လိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထမ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာသည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကို ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂) ပိုင်းရှိပါသည်။ အပိုင်း(က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


မေလ၊ ၂၀၂၁
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
လီလင်းကျေးရွာ၊ ဂန့်ဂေါမြို့

လီလင်းကျေးရွာသယံဇာတပြမြေပုံ



လိလင်းကျေးရွာရာသီခွင်ပြဇယား

လီလင်းကျေးရွာတွင်း/ပြင်ပ အဖွဲ့အစည်းတည်ရှိမှု(VENN DIAGRAM)



အပိုင်း(က)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ် အသစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော် အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ၊ ကြုံတွေ့နေရသော ပြဿနာများ ၊ ထိုပြဿနာများ ဖြစ်ရသည့် အကြောင်းရင်းခံချက်များ ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်း များ ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့် ၊ ပြည်နယ်အဆင့် ၊ တိုင်းအဆင့် ၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၄င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိ လာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

နည်းပညာ အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်အား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ် ၊ အာရှဖွံ့ဖြိုးရေးဘဏ်) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာနိုင်ပါသည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထု ဦးဆောင်ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှု ဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဂန့်ဂေါမြို့နှင့်(၁၅)မိုင်ကျော် ကွာဝေးပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ ဂန့်ဂေါမြို့နယ်နှင့် ဆက်သွယ်သွားလာရန် ခက်ခဲပါသည်။ ကျေးရွာသည်မြေပြန့်လွင်ပြင်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြသည်။ ဒေသတစ်နှစ် ပျမ်းမျှ မိုးရေချိန်လက်မ ၃၀ မှ ၄၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်မှုမရှိပါ။ ကျေးရွာတွင် မြစ်တစ်စင်းသာရှိပြီး မြေပြင်အနေအထားမှာ လယ်ယာမြေများစပါးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။ သို့သော် စပါးစိုက်ပျိုးရာ လယ်ယာမြေများနှင့် မြစ်မှာ ၅ ဖာလုံဝေးသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွန်စွာခက်ခဲပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေများရှိပြီး လယ်မြေမှာ အသင့်အတင့်ရှိ၍ ယာမြေများမှာ လွန်စွာညံ့ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှာ မြစ်ရေဖြင့် လယ်မြေဧက (၇၃.၄၄) ဧကကျော်ကို ရေသွင်း၍ စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ယာမြေဧက (၇၃.၅၉)ဧကရှိပြီး မြေပဲနှင့်နှမ်းကို အဓိကစိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၄၀)စုနှင့် ကျား(၈၉)၊ မ(၁၀၁) ၊လူဦးရေပေါင်း(၁၉၀) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ လူဦးရေပေါင်း၏ ၄၉ ရာခိုင်နှုန်း ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ရန် လုံလောက်မှုမရှိသောကြောင့် လူငယ်များလည်း နည်းပါးကာ ဒေသစီးပွားရေး

တိုးတက်အောင် စွမ်းဆောင်နိုင်အား လျော့နည်းပါသည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်ပိုသည်။ အမျိုးသမီးများအတွက် အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်ပေးသင့်သည်။

(ခ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာကြပါသည်။ ကျေးရွာတွင် ဆေးခန်းမရှိသော်လည်း တစ်မိုင်ကျော်သာဝေးသော မင်းရွာကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိသော ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေပါသည်။ ကျေးရွာတွင် ဆီးချို နှင့် သွေးတိုးရောဂါများကို တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့လည်း တစ်ကိုယ်ရေသန့်ရှင်းမှုအသိ အမြင်များ ရှိကြပါသည်။

ကျေးရွာတွင် သောက်သုံးရန်အတွက် လက်ယက်တွင်းနှင့် မြစ်ရေတင်စနစ်ကို အသုံးပြုကြသည်။ ကျောက်ကပ်ရောဂါဖြစ်ပွားမှုများပြားပြီး အခြားဆိုးဝါးသော ရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရပါသည်။

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာရှိ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရပါသည်။ ကျေးရွာသူ/သား အများစုလိုလို အရေးအဖတ် ကျွမ်းကျင်ကြပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျောင်းသားအင်အားနှင့် ကျောင်းဆောင်မလုံလောက်မှုကြောင့် စာသင်ကျောင်းဆောင် ရရှိရန်လိုအပ်ပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာကို မင်းရွာကျေးရွာ အထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြားကြရပါသည်။ ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပါသည်။ ပညာအရည်အချင်း တတ်မြောက်မှု အသင့်အတင့်ရှိပြီး အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်၍ လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်း နည်းပါသည်။

(ဃ) ကျား/မ ရေးရာဆိုင်ရာ

ကျေးရွာတွင် ကျား/မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျား/မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာ ရရှိသည်ဟု ယေဘူယျ ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် အလယ်တန်းအဆင့်၌ ယောကျ်ားလေးအရေအတွက်သည် မိန်းကလေးအရေအတွက်ထက် များနေသော်လည်း မူလတန်းနှင့်အထက်တန်းများတွင် ကျား

အရေအတွက်မှာ မ အရေအတွက်ထက် ပိုများနေ၍ အမျိုးသားများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများနှင့် အတူပင် ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခ များမှာ အမျိုးသားများက ပိုမိုရကြပါသည်။ ဥပမာအားဖြင့် လုပ်အားခ သဘာဝနှင့် အင်အားစိုက် ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခနည်းပြီး ရကြပါ သည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီး ပါဝင်မှုတို့မှာ အလွန်လျော့နည်း လျက်ရှိသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းတစ်ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း (၂)ဖွဲ့၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာ အဖွဲ့အစည်း (၁)ဖွဲ့ တို့ရှိပါသည်။ အဖွဲ့အစည်းများ အားလုံး စွမ်းဆောင်နိုင်မှု အသင့်အတင့် ရှိပါသည်။ ပြင်ပမှ ဖွဲ့စည်းပေးထားသော ငွေရေးကြေးရေး ဝန်ဆောင်မှုနှင့် အခြားအဖွဲ့အစည်းများ မရှိသောကြောင့် ငွေကြေးလည်ပတ်မှုတွင် အခက်အခဲရှိကာ ငွေစုငွေချေးအဖွဲ့အစည်းများ လိုအပ်နေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသိပညာပေး အဖွဲ့အစည်းများ မရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဖွံ့ဖြိုးမှု အားနည်းပါ သည်။ ကျေးရွာရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းကောင်းများ လိုအပ် ပါသည်။

(ခ) သီးနှံ၊သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးကိုသာ အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက် ဧက (၇၃.၄၄) ဧက ကို စိုက်ပျိုးကြသည်။ မိုးစပါး ပျမ်းမျှအထွက်နှုန်းမှာ (၄၀)တင်းထွက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုပေးခြင်း မရှိပါသဖြင့် စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးရန် လိုအပ်ပါသည်။ တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခမပေးနိုင်ခြင်း ပြဿနာများကို ရင်ဆိုင်ရသည်။ ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှား နိုင်ရန် နည်းစနစ်များ လိုအပ်နေကြသည်။ နှစ်စဉ် ရေကြီးရေလျှံမှုသည် စိုက်ပျိုးမှုများအတွက် အရေးကြီးသော ပြဿနာတစ်ရပ် မဟုတ်သော်လည်း ရံဖန်ရံခါ ကြုံတွေ့ရတတ်ပါသည်။

ကျေးရွာတွင် ဒေသထွက် မျိုးရင်းများဖြစ်သော ဝက်၊ကြက် တို့ကိုသာ မွေးမြူကြသည်။ ရာသီ အလိုက် ဖြစ်တတ်သော ရောဂါများကြောင့် သေဆုံးပျက်စီးမှုများ ရှိပါသည်။ နည်းပညာ ဝန်ဆောင်မှု ကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရရှိနိုင်ပါသည်။ သို့သော်လည်း ဝန်ထမ်း

မလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ရန် ချေးငွေကို အလွယ်တကူ မရရှိ နိုင်ပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်များ ၊ စျေးရောင်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင် ရှိသည်။လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းက ကျေးရွာ၏ အလားအလာကောင်း တစ်ရပ် ဖြစ်သည်။

(ဃ) သဘာဝ ပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့် အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာ သုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး နည်းစနစ်အား အသုံးပြုမည် ဆိုပါက အဆင်ပြေနိုင်ပါသည်။ စွန့်ပစ် ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလက်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ ကော်နှင့် ဆက်စပ်သော ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေး ပေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း(၀.၈)ကျပ်တိုး၊ တစ်ဧက (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ဧကအတွက် ပုံစံ(၇)ဖြင့် ချေးယူနိုင်ကြသည်။ တစ်ချို့သော အိမ်ထောင်စုများသည် ရွာထဲမှ မိတ်ဆွေ ၊ မိသားစုထံမှ ချေးယူကြပါသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားရှိ ပါသည်။

(စ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

သောက်သုံးရေအတွက် တွင်းရေမှ ရရှိပြီး လုံလောက်မှု အသင့်အတင့်သာ ရှိပါသည်။ အချို့ အိမ်ထောင်စုများမှာ တွင်းရေမလုံလောက်မှုကြောင့် မြစ်ရေများကို ကြိုချက်၍ သောက်သုံးရပါ သည်။ အိမ်ထောင်စုများသည် ယင်လုံအိမ်သာများကို ဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံး

ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ ထို့ကြောင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သော အိမ်သာများကို စနစ်တကျ ဆောက်လုပ်ထားပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် ကျေးရွာတွင် အပန်းဖြေအနားယူနိုင်သည့် နေရာသီးသန့် မရှိပါ။ အခြားအားကစားဆိုင်ရာ ဘောလုံးကွင်းများ တည်ဆောက်ရန် လိုအပ်နေပါသေးသည်။ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း စိတ်ပါဝင်စားစွာ ဆင်နွှဲကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦး– လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာတွင်းရှိ လမ်းများမှာ မြေသားလမ်းများ ဖြစ်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို အသုံးပြုကြပါသည်။ လျှပ်စစ်မီးမှာ ကျေးရွာ၏ အဓိကလိုအပ်ချက်ဖြစ်ပြီး မဟာဓါတ်အားလိုင်းနှင့် (၁၅)မိုင်ကျော်ဝေးပါသည်။ လျှပ်စစ်ဓါတ်အား ရရှိ၍ ကျေးလက်နေ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမီစွာ အသုံးပြုနေကြပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာ အသုံးဝင်လှပါသည်။

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့် ရေးဆွဲထားခြင်း မရှိသေးပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှု နည်းပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ရန် (၁၅)မိုင် ကျော် ကွာဝေးသော ဂန့်ဂေါမြို့မှ ရရှိပါသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၇၀)ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သော အရွယ်များ ဖြစ်ကြသည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွမ်းကျင်မှုနှင့် သက်မွေး ဝမ်းကျောင်းသင်တန်းများ မရှိပါသဖြင့် သင်ကြားပေးရန် လိုအပ်မှုရှိပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြပြီး ကျေးရွာတွင် ကျေးလက် ဆေးပေးခန်း မရှိသော်လည်း မင်းရွာကျေးရွာ ကျန်းမာရေးဌာနခွဲတွင် ကျန်းမာရေးပံ့ပိုးပစ္စည်းများ နှင့် ဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်းမီနိုင်ကြပါသည်။ ဆေးဝါးကုသလိုမှုအတွက် မင်းရွာဆေးရုံ သို့ သွားရောက် ကုသမှုခံယူနိုင်ကြပါသည်။

သဘာဝအရင်းအမြစ်များအနေဖြင့် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော် အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို သင့်တင့်မျှတစွာ သယ်ယူ ပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် လုံလောက်မှုမရှိပါ။ ကျေးရွာတွင် မြစ်ရေသွင်း၍ မိုးစပါး(၇၃.၄၄) ဧကကို စိုက်ပျိုးထုတ်လုပ်ပါသည်။ ကျေးရွာသည် ဂန့်ဂေါမြို့၊ ရန်ကုန်မြို့တို့ကို ကားလမ်း၊ ကုန်းလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘုန်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင် ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြု နိုင်ကြပါသည်။ အင်တာနက် အသုံးပြုမှုမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျေးရွာလူထု အားလုံးပူးပေါင်းပါဝင်ပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း ၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထား တိုးတက်လာစေရမည်။

(က-၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေး မှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရေးနယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှု မှတစ်ဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

(က-၄) ကျွန်ုပ်တို့ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က-၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သောသဘာဝဘေးအန္တရာယ်ကြုံတင် ကာကွယ်ရေးများကို ချမှတ်ပြီး ကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

(က-၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများ ဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေး၊ ရည်မှန်းချက် ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာ အထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှလည်း အထောက်အပံ့ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ပါမည်။ အရေးကြီးသည့် အချက်မှာ ဓာတ်အားလိုင်းဖြင့် မြစ်ရေတင်စနစ် ရရှိရန်ဖြစ်ပါသည်။

(က) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် မိုးစပါး၊ မြေပဲနှင့် နှမ်းကိုသာ စိုက်ပျိုးပါသည်။ စပါးစိုက်ပျိုးရာတွင် မြစ်ရေတင်ရခြင်းမှာ အဓိက ပြဿနာတစ်ရပ်ဖြစ်သည်။ သီးနှံထွက်နှုန်းကောင်းမွန်ရန် ခေတ်မှီလယ်ယာ ဖော်ထုတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင် သက်ဆိုင်ရာအစိုးရဌာနများ နှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ စပါးဈေးနှုန်း ကျဆင်းမှုကြောင့် တောင်သူများ အရှုံးနှင့် ရင်ဆိုင်ရပါသည်။ ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

(ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေးချေးငွေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် ချေးငွေနှင့်အိမ်တွင်းမှု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ကာလရှည်နှင့်အတိုးနှုန်းသက်သာစွာ ချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်ပါသည်။ အထူးသဖြင့် လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

(ဂ) လမ်းပန်းဆက်သွယ်ရေး

ကျေးရွာ ရွာတွင်းလမ်းများမှာ ကျောက်လမ်းဖြစ်နေပြီး မြေသားလမ်းခင်းကျင်းရန် လိုအပ်ပါသည်။ ပြောင်းလဲတိုးတက်မှုနှင့်အတူ လမ်းများဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များ ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် နှစ်နှစ်တာကာလအတွင်း ချမှတ်ထားသော ပန်းတိုင်သို့ ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များ ဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက နှစ်နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလ က ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် တစ်နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ၎ယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုမှ နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှလည်း နည်းပညာ အကူအညီများ ရရှိရန် လိုအပ်ပါသည်။

နှစ်ပတ်လည် ဖွံ့ဖြိုးရေးအစီအစဉ် (လီလင်းကျေးရွာ)

စဉ်	စီမံချက်	ဦးစားပေးအဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	ရေရရှိရေး	၁	√				
၂	ရေစုပ်စက်ဖြင့်မြစ်ရေတင်စနစ်ကို လျှပ်စစ်ဓာတ်အားသုံးစနစ်ဖြင့်ရရှိရေး	၂		√	√		
၃	ကျေးရွာ ထမင်းကျွေးခန်းမဆောင်	၃			√		
၄	စိုက်ပျိုးရေးအတွက်transfomerဖြင့် မြစ်ရေ တင်စနစ် ရရှိရေး	၄			√	√	
၅	စာကြည့်တိုက် ရရှိအောင် ဆောင်ရွက်ခြင်း	၅				√	
၆	ရွာတွင်းလမ်း ရရှိရေး	၆			√	√	
၇	Tennis အားကစားကွင်း ရရှိရေး	၇					√

ဦးစားပေး စီမံချက်များ (လီလင်းကျေးရွာ)

ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အဦးကဏ္ဍ	၁။ ရေရရှိရေး	၁၀၀	၁	ရေစင်မှတစ်ဆင့်ရေပိုက်လိုင်းများဖြင့် အိမ်အရောက် ရေရရှိရေး	
	၂။ ရေစုပ်စက်ဖြင့်မြစ်ရေတင်စနစ်ကို လျှပ်စစ်ဓာတ်အားသုံး စနစ်ဖြင့် ရရှိရေး	၈၅	၂	မြစ်မှတစ်ဆင့် ရေစင်သို့ Power မီတာဖြင့် ရေရရှိရေး	
	၃။ ကျေးရွာထမင်းကျွေးခန်းမဆောင်	၈၀	၃	ကျေးရွာတွင် လူမှုရေးကိစ္စများ အဆင်ပြေချောမွေ့စေရန်	
စိုက်ပျိုးရေး	စိုက်ပျိုးရေးအတွက် transfomer ဖြင့် မြစ်ရေတင်စနစ် ရရှိရေး	၇၅	၄	စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေလုံလောက်မှု မရှိသဖြင့် ရေလုံလောက်စွာ ရရှိရေး	
ကျန်းမာရေး	ကျန်းမာရေးကဏ္ဍကောင်းမွန်စေရန်	၇၀	၅	ကျန်းမာရေးအတွက်အသိပညာပေး ဟောပြောပွဲများ လိုအပ်ခြင်း	
အလုပ်ကိုင်အခွင့်အလမ်း	အမျိုးသမီးများအတွက် အိမ်တွင်းမှုအလုပ်အကိုင်ရရှိစေရန်	၆၅	၆	အမျိုးသမီးများအတွက် အလုပ်အကိုင်ရရှိစေရန် ရက်ကန်းရုံရရှိအောင် ဆောင်ရွက်ပေးခြင်း	
မိုးရာသီသွားလာရေးခက်ခဲခြင်း	ရွာတွင်းလမ်း ရရှိရေး	၆၀	၇	ရွာတွင်းမြေသားလမ်း ရရှိရေး	

ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား (လီလင်းကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရာ	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ကျေးရွာအဆောက်အဦးကဏ္ဍ					
	ရာသီသုံးပါးလုံးသောက်သုံးရေများ လုံလောက်စွာ မရရှိခြင်း	သောက်သုံးရေ လုံလောက်စွာ မရရှိခြင်း	ကျေးရွာမှ လုပ်အားဖြင့် ထည့်ဝင်နိုင်ခြင်း	ကျေးရွာတွင် ဆင်းရဲသား အိမ်ထောင်စုများသော ကြောင့်ငွေကြေး မတတ် နိုင်ခြင်း	ရေရရှိရေးကော်မတီ ဖွဲ့စည်းခြင်းကျေးလက် ဦးစီးဌာနသို့ တင်ပြ တောင်းခံခြင်း	ရေရရှိရေးစီမံချက် (၁၈'×၁၈') စတုရန်းပေ height- (၄')
	စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေ လုံလောက်စွာ မရရှိခြင်း ကြောင့် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် လွန်စွာ ခက်ခဲခြင်း	မြစ်မှတစ်ဆင့်ရေစင် သို့ Power မီတာ လိုအပ်ခြင်း	-စိုက်ပျိုးလုပ်ကိုင်ရာ တွင်လွယ်ကူခြင်း -ဥတုသုံးပါးအချိန်မရွေး စိုက်ပျိုးနိုင်ခြင်း - သီးနှံအထွက် တိုးခြင်း ကြောင့် ငွေကြေး လည် ပတ်မှု အဆင်ပြေ ခြင်း	ငွေကြေးမလုံလောက်ခြင်း	သက်ဆိုင်ရာ ဦးစီးဌာန သို့တင်ပြခြင်း	Powerမီတာ လိုအပ်ခြင်း

ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား (လီလင်းကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရာ	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ကျေးရွာတွင် လူမှုရေးကိစ္စရပ်များ အတွက် ပညာရေးဆောင်၊ သာသနာ့ ဆောင်များ အသုံးပြု ခွင့်မရသော ကြောင့် သာရေး၊ နာရေးကိစ္စရပ်များ တွင် ကျွေးမွေး ရန် လွန်စွာခက်ခဲခြင်း	ကျေးရွာတွင် ထမင်း ကျွေး ခန်းမဆောင် လိုအပ်ခြင်း	-ရာသီသုံးပါးလုံးတွင် သာရေး၊နာရေးကိစ္စရပ် များလွယ်ကူစွာဆောင် ရွက်နိုင်ခြင်း	ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများသော ကြောင့် ငွေကြေးမတတ် နိုင်ခြင်း	သက်ဆိုင်ရာ ဦးစီးဌာန များ အထောက်အပံ့ ပံ့ပိုးပေးနိုင်မည့် အဖွဲ့ အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက် ပေးခြင်း	ကျေးရွာတွင် ထမင်းကျွေး ခန်းမဆောင် ရရှိရေး အစီအစဉ်
			-အသုံးအဆောင်ပစ္စည်း များ၊ကျွေးမွေးရန်အစားအစာ ကိုသန့်ရှင်းစွာ သိုလှောင် ထိန်းသိမ်းပေးနိုင်ခြင်း -မြေနေရာ မလုံလောက် သောအိမ်ထောင်စုများအတွ က် လူမှုရေးကိစ္စရပ် မြေနေရာ စီစဉ်ရန်မလိုအပ်ခြင်း	-ပြင်ပအလှူရှင်များ ဖွံ့ဖြိုးရေးအဖွဲ့အစည်း များနှင့် မဆက်သွယ် တတ်ခြင်း၊ အဆက် အသွယ်ကောင်းများ မရှိခြင်း		

ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား (လီလင်းကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရာ	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၂။	စိုက်ပျိုးရေးကဏ္ဍ					
	ရေလုံလောက်စွာ မရရှိသဖြင့် စိုက်ပျိုးရေး လုပ်ငန်းတွင် လွန်စွာ ခက်ခဲခြင်း	စိုက်ပျိုးရေးအတွက် transformer ဖြင့် မြစ်ရေတင်စနစ် ရရှိရေး	-စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် လွယ်ကူခြင်း -ဥတုသုံးပါး အချိန်မရွေး စိုက်ပျိုးနိုင်ခြင်း - သီးနှံအထွက်တိုးခြင်းကြောင့် ငွေကြေးလည်ပတ်မှု အဆင်ပြေခြင်း	-ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများသောကြောင့် ငွေကြေး မတတ်နိုင်ခြင်း	သက်ဆိုင်ရာ ဦးစီးဌာနများ အထောက်အပံ့ ပံ့ပိုးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း	transformer လိုအပ်ခြင်း
၃။	ကျန်းမာရေးကဏ္ဍ					
	ကျေးရွာတွင်ကျန်းမာရေး အသိပညာ ဗဟုသုတ ကြွယ်ဝမှု အားနည်းခြင်း	ကျန်းမာရေး အသိပညာပေး ဟောပြော ပွဲများ ဆောင်ရွက်ရန် လိုအပ်ခြင်း	-ဟောပြောပွဲမှကျန်းမာရေး အသိပညာများကြွယ်ဝလာခြင်း -ကျန်းမာရေးအသိပညာ များကြွယ်ဝလာခြင်း ကြောင့်	ဟောပြောပွဲများ ကျင်းပ ပေးနိုင်ရန် အဆက်အသွယ်ကောင်းများ မရှိခြင်း	ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ဟောပြောပွဲ များ ပြုလုပ်ပေးရန် လိုအပ်ခြင်း	ကျန်းမာရေးအသိပညာ ပေးဟောပြောပွဲကျင်းပ ပေးရေး အစီအစဉ်

ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား (လီလင်းကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရာ	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
			ကျန်းမာရေးနည်းလမ်းများကို ကျင့်သုံးလာကြပြီးကျန်းမာရေး အခြေအနေများ ပိုမို တိုးတက် လာကြခြင်း			
၄။	အလုပ်အကိုင်အခွင့်အလမ်း ကဏ္ဍ					
	ကျေးရွာတွင်အမျိုးသမီး များအလုပ်အကိုင်အခွင့် အလမ်း နည်းပါး ခြင်း	အမျိုးသမီးများအလုပ် အကိုင် အခွင့်အလမ်း အတွက်ရက်ကန်းရုံရရှိ အောင်ဆောင်ရွက် ရေး	အမျိုးသမီးများ အလုပ် လက်မဲ့ မဖြစ်ခြင်း ရပ်ခြား ဒေသများသို့ ထွက်ခွာ၍ ဝင်ငွေရှာရန် မလိုအပ်ခြင်း	ငွေကြေးမလုံလောက်ခြင်း လုပ်ငန်းတည်ထောင်ပေး မည့် ပြင်ပ အဖွဲ့အစည်း များ မရှိခြင်း	သက်ဆိုင်ရာ ဦးစီး ဌာန များ အထောက်အပံ့ ပံပိုး ပေးနိုင်မည့် အဖွဲ့အစည်း များနှင့်ချိတ်ဆက်ဆောင် ရွက်ပေးခြင်း	ရက်ကန်းရုံ ရရှိအောင် ဆောင်ရွက်ပေးရေး
၅။	အခြေခံအဆောက်အဦ ကဏ္ဍ					
	မိုးရာသီ သွားလာရန် ခက်ခဲခြင်း	ရွာတွင်းလမ်းများ ပျက်စီးယိုယွင်း နေခြင်း	ကျေးရွာမှ လုပ်အားဖြင့် ထည့်ဝင်နိုင်ခြင်း	ကျေးရွာတွင် ဆင်းရဲ သော အိမ်ထောင်စုများ သောကြောင့် ငွေကြေး မတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာန သို့ တင်ပြတောင်းခံခြင်း	ရွာတွင်း မြေသားလမ်း ခင်းပေးရေး အစီအစဉ်

တောဖို့ကျေးရွာအုပ်စု လီလင်းကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင် အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးဇော်မင်းဦး	ဦးဘခင်	၈/ဂဂန(နိုင်)၀၅၄၈၅၈	၄၅	ဥက္ကဋ္ဌ	၀၉-၄၅၉၀၁၈၀၇၂	
၂	ဦးမင်းလတ်	ဦးဘတီ	၈/ဂဂန(နိုင်)၀၅၄၈၀၈	၄၇	အတွင်းရေးမှူး	၀၉-၄၀၉၅၀၇၇၇၀	
၃	ဦးရဲမြင့်ထွန်း	ဦးစံချိန်	၈/ဂဂန(နိုင်) ၈၇၉၆၃၃	၃၆	ဘဏ္ဍာရေးမှူး	၀၉-၂၅၂၈၄၇၈၃၆	
၄	ဦးတင်လတ်ဝေ	ဦးချန်	၈/ဂဂန(နိုင်)၀၀၁၈၂၀	၅၀	အဖွဲ့ဝင်	၀၉-၂၅၈၂၀၉၈၇၅	
၅	ဦးကျော်သူလင်း	ဦးဘချစ်	၈/ဂဂန(နိုင်)၀၆၈၁၇၆	၃၉	အဖွဲ့ဝင်	၀၉-၄၄၀၃၀၄၃၃၅	
၆	ဦးမျိုးမြင့်	ဦးဘကြွယ်	၈/ဂဂန(နိုင်)၈၈၇၀၃၂	၃၆	အဖွဲ့ဝင်	၀၉-၈၉၅၂၇၈၆၄၉	
၇	ဦးမင်းမင်းစိုး	ဦးမင်းဘို	၈/ဂဂန(နိုင်)၀၇၆၅၉၃	၃၆	အဖွဲ့ဝင်	၀၉-၈၈၆၇၁၃၄၆၈	
၈	ဦးမင်းဇော်ဌေး	ဦးခင်မောင်အေး	၈/ဂဂန(နိုင်)၀၇၉၆၈၂	၃၉	အဖွဲ့ဝင်	၀၉-၂၅၈၇၇၉၀၅၁	
၉	ဦးရဲလင်းအောင်	ဦးမြင့်ဦး	၈/ဂဂန(နိုင်)၀၉၈၈၂၀	၃၃	အဖွဲ့ဝင်	၀၉-၄၂၄၅၁၃၅၅၄	
၁၀	ဦးဆန်းမြင့်အောင်	ဦးခိုင်မြင့်	၈/ဂဂန(နိုင်)၀၇၄၉၅၉	၃၈	အဖွဲ့ဝင်	၀၉-၂၅၆၄၁၃၅၁၃	

တောဖို့ကျေးရွာအုပ်စု လီလင်းကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင် အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁၁	ဦးနန်းခိုင်	ဦးလှဆွေ	၈/ဂဂန(နိုင်)၀၇၉၅၆၁	၃၆	အဖွဲ့ဝင်	၀၉-၂၆၂၆၇၀၄၉၀	
၁၂	ဦးဇော်ဇော်တင့်	ဦးစိန်ထူး	၈/ဂဂန(နိုင်)၀၄၈၈၀၉	၃၃	အဖွဲ့ဝင်	၀၉-၂၅၇၅၀၅၂၂၉	
၁၃	ဦးသာဆန်း	ဦးစံညို	၈/ဂဂန(နိုင်)၁၀၄၅၄၈	၄၅	အဖွဲ့ဝင်	၀၉-၄၄၂၁၄၁၃၅	
၁၄	ဒေါ်နွယ်နွယ်	ဦးခိုင်မြင့်	၈/ဂဂန(နိုင်)၀၅၄၈၅၇	၄၅	စာရင်းကိုင်	၀၉-၄၅၄၅၉၆၇၈၄	
၁၅	ဒေါ်သဲပွင့်ဖြူ	ဦးဝင်းဖေဦး	၈/ဂဂန(နိုင်)၁၁၄၂၈၄	၂၃	စာရင်းကိုင်	၀၉-၂၆၂၆၇၄၉၆၂	
၁၆	ဒေါ်မြင့်မြင့်သီ	ဦးမင်းအို	၈/ဂဂန(နိုင်)၀၇၉၆၃၂	၃၃	စာရင်းကိုင်	၀၉-၈၉၆၉၈၈၄၉၅	
၁၇	ဒေါ်ခိုင်ခိုင်ဦး	ဦးတင်ညို	၈/ဂဂန(နိုင်)၁၀၄၅၆၉	၂၉	စာရင်းကိုင်	၀၉-၂၅၁၆၈၈၀၃	

အပိုင်း(၃)

ကျေးရွာဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက် အကြောင်းအရာ

ကျေးရွာ	-	လီလင်း
ကျေးရွာအုပ်စု	-	တောဖို့
မြို့နယ်	-	ဂန့်ဂေါ
တိုင်းဒေသကြီး/ပြည်နယ်	-	မကွေးတိုင်းဒေသကြီး

စီမံချက်အမည်-ဂါလံ ၂၄၀၀ ဆံ့အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့်ရေပိုက်လိုင်း သွယ်တန်းခြင်း

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

* လက်ရှိကျေးရွာတွင် သောက်သုံးရေကို မိုးရာသီတွင်သာလုံလောက်ပြီး ကျန်ရာသီများတွင် ရေရရှိမှု မလုံလောက်ပါ။

* မိုးရာသီတွင်သာ ရေလုံလောက်မှုရှိသော်လည်း တွင်းတိမ်ကို အသုံးပြုခြင်းကြောင့် မိုးတွင်းရေများစိမ့်ဝင်ကာ ရေကောင်းရေသန့်မရရှိသော ပြဿနာကြုံတွေ့ရပါသည်။

* မိုးရာသီမှအပ အခြားရာသီများတွင် ရေလုံလောက်စွာမရရှိသောကြောင့် ကျေးရွာတွင်ရေပြတ်လပ်ကာ သောက်သုံးရေအခက်အခဲများစွာ ရင်ဆိုင်ရပါသည်။

စီမံချက်၊ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

* ရာသီသုံးပါးလုံးတွင် ရေပြတ်လပ်မှုမရှိဘဲ သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ရန်

* ရေကောင်းရေသန့်ရရှိနိုင်စေရန်

မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

* မြစ်ရေတင်စနစ်ရရှိပြီးနောက် သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ခြင်း

* မိုးတွင်းရေစိမ့်ဝင်ကာ ရေကောင်းရေသန့်မရရှိခြင်းမှ ကင်းဝေးခြင်း

* ရေပြတ်လပ်မှုပြဿနာ လျော့နည်းလာခြင်း

* အိမ်တွင်းသီးပင်စားပင်များ လွယ်ကူစွာ စိုက်ပျိုးနိုင်သောကြောင့် အသုံးစရိတ်များလျော့ချနိုင်ခြင်း

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)

*** လီလင်းကျေးရွာတွင် ရေရရှိရေးအတွက် ရေစင် (၁၀', ၁၀', ၄')အား ဆောက်လုပ်ခြင်း**

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
၁၀,၀၀၀,၀၀၀ (ငွေသား)	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
၂၅၀၀၀၀၀ (ငွေသား)	ကျေးရွာ
…….. (ပစ္စည်း၊ လုပ်အား)	ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်းအိမ်ခြေ**			
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**ပေါင်း**
ကျေးရွာအဆင့်	၈၉	၁၀၁	၁၉၀	၂၂	၁၆	၂	၄၀
အကျိုးခံစားမည့်သူဦးရေ				၂၂	၁၆	၂	၄၀

မှတ်ချက်။ ။ ချောင်လည်အဆင့်- ၁ ၊အလယ်အလတ် -၂ ၊ ဆင်းရဲ - ၃

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ

* လီလင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးကော်မတီ

* မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂၀၂၁ ခုနှစ်၊ မတ်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၁ ခုနှစ်၊ ဇွန်လ

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်

* ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကျေးရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။

* ရေရှိရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ကျေးရွာမှလုပ်အားထည့်ဝင်ပါမည်။

* လိုအပ်ပါက ပစ္စည်းနှင့်ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ

* လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။

* လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။

* ဖွံ့ဖြိုးပြီးလုပ်ငန်းများကို ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍လုပ်ဆောင်သွားပါမည်။

* ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့်ကုန်ကျစရိတ်များကိုလည်း ရေမီတာဖြင့် ပျမ်းမျှကောက်ယူပြီး စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်		၁	၁		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄	၅	၉		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅	၄	၉		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃	၇	၁၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၆	၆၇	၁၃၆	၁	၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၁၅	၂၅		
စုစုပေါင်း		၈၉	၁၀၁	၁၉၀		
စုစုပေါင်း အိမ်ထောင်စု		၄၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျား/မအချိုးမှာ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများပါသည်။ မြန်မာနိုင်ငံ ပျမ်းမျှလူဦးရေအောက် လျော့နည်းပါးသည်။ အမျိုးသမီးဦးရေများပြားသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အိမ်တွင့်လက်မှုပညာများ ရရှိနိုင်ပါက ကျေးရွာရှိအမျိုးသမီးများသည် အလုပ်အကိုင်များရရှိလာနိုင်မည် ဖြစ်သည်။ သက်ကြီးရွယ်အိုများရှိသောကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရန် လိုအပ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂၇	၃၇	၁၀	၃၃	၃၈		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
